KAREN NATIONAL DIALOGUE
CONVENING COMMITTEE

Email: karen.national.dialogue@gmail.com
Ph: +95 9781053622, +95 9782005496, +95 9425032284, +95 9973873676

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ**
**အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ**

**ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ**
**(လော်ခီးလာ)**

# ထုတ်ပြန်ကြေညာချက်

နေ့စွဲ။ ၂၀၁၇ ခုနှစ်၊ ဇန္နဝါရီလ (၃၀) ရက်

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) ကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေဖြစ်သော လော်ခီးလာ၌ ၂၀၁၇ ခုနှစ်၊ ဇန္နဝါရီလ (၂၈-၃၀) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲသို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ KNU/KNLA–Peace Council ၊ KBGF ၊ ကရင်နိုင်ငံရေးပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ ကရင်လူမျိုးများ နေထိုင်ရာ ဒေသများဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ အထက်မြန်မာပြည်ဒေသ၊ ကော်သူးလေ နှင့် နယ်စပ်ဒေသတို့မှ ဒေသကိုယ်စားလှယ်များ၊ ကရင်လူမှုအဖွဲ့အစည်းများ၊ ကရင်အမျိုးသမီးများ၊ ကရင် လူငယ်များ၊ ကရင်တတ်သိပညာရှင်များနှင့် အထူးဖိတ်ကြားထားသော ကိုယ်စားလှယ်များ စုစုပေါင်း (၂၉၁) ဦး တက် ရောက် ပါဝင်ဆွေးနွေးခဲ့ပါသည်။

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) မှ ကရင်ပြည်နယ်၊ ဘားအံမြို့၊ သီရိဘားအံဟိုတယ်၌ လူမျိုးအလိုက်ကျင်းပသော ပထမအကြိမ် ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ ဆွေးနွေးရရှိထားပြီး အတည်ပြုထားသည့် စာတမ်းများအား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံမူနှင့် ပြည်နယ်ဖွဲ့စည်းပုံ လမ်းညွှန်ချက်အခြေခံမူများ၊ စီးပွားရေးကဏ္ဍဆိုင်ရာမှ ဖက်ဒရယ်စနစ် စီးပွားရေးအခြေခံမူများ၊ လူမှုရေးကဏ္ဍဆိုင်ရာမှ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးအခြေခံမူများ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ မြေယာနှင့်သဘာဝသယံဇာတ အခြေခံမူများ စသည့် စာတမ်းများတို့ကို မူရင်း အနှစ်သာရနှင့် ကျောရိုး မပျက်စေဘဲ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံသို့ တင်သွင်းသွားမည့် စာတမ်းများအဖြစ် ရရှိရန် ဆွေးနွေးခဲ့ကြပြီး သဘောတူဆုံးဖြတ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျမှသာ ဆွေးနွေးမည့် လုံခြုံရေးကဏ္ဍဆိုင်ရာနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြပြီး ကရင်အမျိုးသားများ ဆက်လက်ကိုင်စွဲရမည့် စာတမ်းအဖြစ် မှတ်တမ်းတင်ခဲ့သည်။

KAREN NATIONAL DIALOGUE
CONVENING COMMITTEE

Email: karen.national.dialogue@gmail.com
Ph: +95 9781053622, +95 9782005496, +95 9425032284, +95 9973873676

ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ဆွေးနွေးရမည့် အကြောင်းအရာများ ဆွေးနွေး ခဲ့ကြပြီး ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) မှ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ် အဆင့်ဆင့်တို့တွင် ပါဝင်အထောက်အကူပြုမည့် နည်းပညာအထောက်အကူပြုအဖွဲ့နှင့် Facilitation Team, Documentation Team များကိုလည်း စနစ်တကျဖွဲ့စည်းထားရှိနိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြပြီး ဖွဲ့စည်းသွားကြရန် သဘောတူသည်။

၂၀၁၇ ခုနှစ်၊ ဇန္နဝါရီလ (၁၈-၂၀) ရက်နေ့အထိ ကရင်ပြည်နယ်၊ ဘားအံမြို့၊ သီရိဘားအံတွင် ကျင်းပပြုလုပ်သည့် လူမျိုးအလိုက် ပထမအကြိမ် ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲမှ အတည်ပြုထားသော အဆိုပြုတင်ပြချက်များကို ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) မှ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲများ၏ ရှေ့လုပ်ငန်းစဉ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သဘောတူခဲ့သည်။

ကရင်အမျိုးသားတို့ လိုလားသော ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရှိသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ကရင်လူမျိုးများအားလုံးတို့မှ စုစုစည်းစည်းဖြင့် အခြားသော တိုင်းရင်းသားလူမျိုးများနှင့်အတူ နိုင်ငံတော်အစိုးရ၊ တပ်မတော်သားများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ အတူတကွပါဝင်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေး နိုင်ငံရေးယဉ်ကျေးမှုသစ်ဖြင့် သမိုင်းမော်ကွန်း ရေးထိုး၍ အတူတကွယှဉ်တွဲနေထိုင်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြရန် ဤ ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ (လော်ခီးလာ) မှ တိုက်တွန်းနှိုးဆော်ရင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

**ကျင်းပရေးကော်မတီ**

**ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ**

**ဆက်သွယ်ရန် -**

၁။ ပဒိုစောလှထွန်း - ၀၉၂၅၂၇၃၂၈၆၂ (မြန်မာ)၊ ၀၉၄၀၃၅၁၈၈၀ (ထိုင်း)

၂။ ဗိုလ်မှူးကြီးစောကျော်ညွန့် - ၀၉၂၆၀၆၈၅၃၄၅

၃။ စောကြည်လင်း - ၀၉၈၇၃၁၆၀၅

၄။ ဗိုလ်မှူးကြီးစောကျော်သန်းဌေး - ၀၉၇၉၁၅၉၆၅၅၄

၅။ စောတာဒိုမူး - ၀၉၉၉၁၂၁၄၆၂ (ထိုင်း)